ငွေတောင်ကျေးရွာ

ရွာငံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ငွေတောင်ကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၄ခုနှစ်

ငွေတောင်ကျေးရွာ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ကျေးရွာသယံဇာတပြဓြေပုံ	
၁	တည်နေရာနှင့် ပထဝီဝင်အနေအထား	
၂	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)ငါးလုပ်ငန်း	
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူကပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	
၆	ပညာရေး	
၇	ကျန်းမာရေး	
၈	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	
၁၀	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၅ဘဏ္ဍာရေးနှစ် မှ ၂၀၂၈/၂၉ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူအများပါဝင် ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ ကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီ အစဉ်များ၊

ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မ အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မတ်လ၊ ၂၀၂၅ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ငွေတောင်ကျေးရွာ
ရွာင်မြို့နယ်



သိမ်ကုန်းအုပ်စု ငွေတောင်ကျေးရွာ သံယံဇာတမြေပုံ
အရှေ့
အနောက်
တောင်
မြောက်
အဆောက်အဦး
အုပ်ချုပ်ရေးကျောင်း
စေ့စပ်ခန်း
ဘာသင်ကျောင်း
အုတ်သင်္ချိုင်း
Transformer
ကတ္တရာလမ်း
ကျောက်ခဲလျှောလမ်း
မြေသားလမ်း
ထိုက်ခင်း
အိမ်
မီးတိုင်
ကောလုံးကွင်း
ရေးဆွဲသူအမည်- ဒေါ်ခင်ယု
၂၉.၁၀.၂၄

မိုးခေါင်ကျော်ကျေးကျွန်အလုပ်စု
ဒွန်တောင်ကျေးရွာ

ရာသီဥတုဖြစ်ပြန်ပြခြင်း

သို့	အမည်	ရန်	ပေ	မတ်	ဧပြီ	မေ	ဇွန်	ဂျူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီ
၁.	ရာသီဥတု	//// ////											
၂.	သောက်သုံးရေ												
၃.	မိုက်ပျိုးရေး												
၄.	မိုးမှားကျရောက်မှု												
၅.	မွေးမြူရေး		×	×	×		×	×	×	×		×	×
၆.	ရောဂါကျရောက်မှု												
၇.	ကျန်းမာရေး												
၈.	ကျပန်း						×	×					
၉.	ဝင်ငွေ												
၀.	ဘာသာရေးပွဲတော်												

သိမ်းကျုံးကျေးကွာအုပ်စု ဒွေကောင်ကျေးကွာ အဖွဲ့အစည်းချိတ်ဆက်ဖြစ်မြေပုံ



၂၉.၁၀.၂၀၂၄

၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

ငွေတောင်ကျေးရွာသည် ရွာငံမြို့နယ် သိမ်ကုန်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် တည်ရှိသော ကျေးရွာဖြစ်သည်။လမ်းပန်းဆက်သွယ်ရေး အနေဖြင့် ငွေတောင်ကျေးရွာသည် ရွာငံမြို့နှင့်(၁၃)မိုင်တွင် တည်ရှိသောကျေးရွာ ဖြစ်ပါသည်။ ကျေးရွာတည်ရှိရာသည် ကုန်းမြင့်တောင်တန်းပေါ်တွင် ရှိပါသည်။ ကျေးရွာအနီး သဘာဝဝန်းကျင် တောင်တန်းများနှင့် ကျေးရွာများ တည်ရှိသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ငွေတောင်ကျေးရွာသည် အအေးပိုင်းဒေသတွင် တည်ရှိပြီး ရာသီဥတု ကောင်းမွန်ပါသည်။ သို့ရာတွင် သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဥတု ဖောက်တတ်ပါသည်။ သဘာဝအရင်း အမြစ်များ အနေဖြင့် သစ်တောအနည်းငယ်ရှိ၍ သစ်တောပြုန်းတီးလာနေပါပြီ။ အနီးတဝိုက်တွင် သဘာဝပေါက်ပင်များ ပေါက်ရောက်တတ်သော်လည်း အတွေ့ရများသော အပင်များသာ ဖြစ်ပါသည်။ ကျေးရွာလူထုအတွက် ထင်းဝါးဆေးဖက်ဝင်အပင်များရရှိသည်။ စားကျက်မြေသီးသန့်မရှိဘဲ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးသွားပြီဖြစ်သည်။ ဆေးဖက်ဝင်အပင်များမှာ သာမန်တွေ့ရသော အပင်များသာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

ငွေတောင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၃၄)စုနှင့် ကျား(၃၁၃)၊ မ(၃၂၀)ဦး ဖြင့် လူဦးရေ ပေါင်း (၆၃၃)ဦး ရှိပါသည်။ ကျေးရွာတွင် ဓနုလူမျိုးများနေထိုင်ကြပြီး ၊ဗမာလူမျိုးအနည်းငယ်လည်း နေထိုင်ပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ် (၈၀%) ရှိပါသည်။ အမျိုးသားနှင့် အမျိုးသမီး ဦးရေမှာ များစွာကွာခြားမှု မရှိသည့်အတွက် အမျိုးသားနည်းတူ အမျိုးသမီးများလည်း လုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက လူ့စွမ်းအား အရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ပိုမိုအထောက် အကူပြုစေနိုင်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးအဖွဲ့၊ ဘာသာရေးအဖွဲ့တို့ ရှိကြပြီး ကျေးရွာ၏ ပညာရေး၊ကျန်းမာရေး၊ဘာသာရေး လုပ်ငန်းများတွင် အားတက်သရော စုပေါင်းပါဝင်ဆောင်ရွက် ကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ငွေတောင်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာများစွာ ရှိပါသည်။စီးပွားရေးအနေ ဖြင့် သင့်တင့်မျှတသည်ဟု ဆိုနိုင်ပါသည်။ စိုက်ပျိုးရေးကို အခြေခံသော ကျေးရွာဖြစ်သည့် အတွက် သီးနှံစျေးကွက်ပေါ် မူတည်မှီခိုအားထားရသော ကျေးရွာဖြစ်ပါသည်။ အဓိကအားဖြင့် လက်ဘက်၊လိမ္မော်၊ထောပတ်သီး တို့ကို စိုက်ပျိုးကြပါသည်။ သီးနှံထွက်ကုန်များကို ကုန်သည်ပွဲစားများ ထံ ရောင်းချပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှသည်ဟု ဆိုနိုင်သော်လည်း စိုက်ပျိုးရေးကို အခြေခံသော ကျေးရွာဖြစ်သည့်အတွက် သီးနှံစေ့းကွက်ပေါ်မူတည်ပါသည်။ ဆန်စပါးနှင့် ဆီထွက်သီးနှံများကို စိုက်ပျိုး၍မရပါသဖြင့် ဝယ်ယူစားသောက်ရပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဩဇာကို အသုံးပြုပါသည်။ သီးနှံများကို ရောဂါကျရောက်တတ်ခြင်း၊ကျောက်တောင်များ ပေါများနေခြင်းကြောင့် စိုက်ပျိုးမြေများမတိုးချဲ့နိုင်ပါ။ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာမှာ စိုက်ပျိုးရေး ဓါတုမြေဩဇာ အသုံးပြုမှုနည်းခြင်း၊ စျေးကွက်ခက်ခဲခြင်းတို့ ဖြစ်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးသုံးပစ္စည်းများကို ရွာငံမြို့နှင့် အောင်ပန်းမြို့တို့တွင် ဝယ်ယူသုံးစွဲလျက်ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ငွေတောင်ကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု (၃၀)စု ရှိပြီး၊ နွားကောင်ရေ (၆၀)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု(၄၀)စု ရှိပြီး ဝက်ကောင်ရေ(၄၀)ကောင်ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများဖြစ်ကြပြီး ဝက်ကိုစုဗူးအဖြစ် မွေးမြူကြသည်။နွားကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် မွေးမြူကြသည်။

ကျေးရွာတွင် စားကျက်မြေနည်းပါးသောကြောင့် မွေးမြူရေးလုပ်ကိုင်ရန် ခက်ခဲပါသည်။ နွားများအတွက် သောက်သုံးရေ အသင့်အတင့်ရှိပါသည်။ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်မတွက် အခက်အခဲပြဿနာမှာ မွေးမြူနိုင်ရုံန် စားကျက်မြေလုံလောက်မှုမရှိခြင်း ၊ တိရိစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ပတ်သက်၍ နည်းပညာ ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ ပုံမှန်မရရှိပေ။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) ငါးလုပ်ငန်း

ငွေတောင်ကျေးရွာသည် တောင်ပေါ်တွင် တည်ရှိသောကြောင့် ငါးလုပ်ငန်းများ ဆောင်ရွက်မှု မရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ငွေတောင်ကျေးရွာတွင် အိမ်ထောင်စုများသည် မိမိတို့ကိုယ်ပိုင် မြေကွက်များတွင် စိုက်ပျိုး လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများ၊နေ့စားအငှားလိုက်လုပ်ငန်းများ လည်း လုပ်ကိုင်ဆောင်ရွက် ပါသည်။ အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အားရှိခြင်း စျေးကွက်အသင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်ကြခြင်း စျေးကွက်လေ့လာမှုအားနည်းခြင်းနှင့် ကုန်စည်တင်ပို့ရောင်းချရာတွင် စျေးနှုန်းများ မှန်ကန်မှု မရှိခြင်း၊အသက်မွေးဝမ်းကျောင်းမှု နည်းပညာ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်ရန် စိတ်ဝင်စားသူ နည်းပါးပါသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေတောင်ကျေးရွာတွင် ငွေကြေးများကို လိုအပ်သည့် အချိန်၌ ဆွေမျိုးများထံမှ အတိုးအနည်းငယ်ဖြင့် ချေးယူ၍ လုပ်ငန်းများ ဆောင်ရွက်ကြသည်။ကျေးရွာအတွင်း ငွေကြေးလိုအပ်

မှု များပြားသဖြင့် အစိုးရဘတ်ဂျက်၊ပုဂ္ဂလိက ဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည် ချေးငွေများ ရရှိမည်ဆိုပါက မိသားစုဝင်ငွေများ ပိုမိုအဆင်ပြေလာနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ငွေတောင်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် မော်တော်ကားနှင့် ဆိုင်ကယ်များကို အဓိကထား အသုံးပြုကြသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသဖြင့် ကုန်စည်စီးဆင်းမှုမှာလည်း အသင့်အတင့်ရှိသည်။ သို့ရာတွင် အချို့အိမ်ထောင်စု များမှာ ကိုယ်ပိုင် ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းများသာဖြစ်ပြီး မိုးရာသီကာလတွင် သွားလာရ ခက်ခဲပါသည်။ ရေဦးစျေးသို့ ကုန်စည်တင်ပို့သည့်လမ်းမှာ ကောင်းမွန်ပါသဖြင့် သွားလာရလွယ်ကူပါ သည်။

(ခ) ကျေးရွာမီးလင်းရေး

ငွေတောင်ကျေးရွာတွင် အစိုးရလျှပ်စစ်မီး ရရှိပါသဖြင့် အိမ်ထောင်စု(၁၀၀)ခန့် အသုံးပြုကြပါသည်။ ငွေကြေးမတတ်နိုင်သဖြင့် အချို့သော အိမ်ထောင်စုများမှာ အစိုးရလျှပ်စစ်မီးများ မသုံးစွဲနိုင်ကြပါ။ ထို့ကြောင့် ကျေးရွာ၏ အချို့အိမ်ထောင်စုများမှာ ချက်ပြုတ်ရေးအတွက် နှစ်စဉ်နှစ်တိုင်း ထင်းခုတ်၍ သုံးစွဲရပါသဖြင့် သစ်တောများပြုန်းတီးလာနေပြီး ရာသီဥတုများလည်း ဆိုးဆိုးရွားရွား ဖောက်ပြန်လာမည်ကို စိုးရိမ်ရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ငွေတောင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၁၀၀)လုံး ၊ရေဒီယို (၂၀)လုံးနှင့် တီဗွီ (၈၀)လုံးတို့မှ ရရှိပါသည်။

၆။ ပညာရေး

ငွေတောင်ကျေးရွာတွင် မူလတန်းလွန် ပညာရေးအဆင့်သာ သင်ကြားရပြီး အဋ္ဌမတန်းမှ အထက်တန်းအထိ ပညာရေးကို အ.ထ.က အင်းကြီး(မ)ကျေးရွာအထိ သွားရောက်၍ သင်ယူရပါသည်။ လက်ရှိအချိန်တွင် ပညာရေးကို ဦးစားပေးလေ့လာကြသော်လည်း ယခင်အချိန်က ပညာရေး စိတ်ဝင်စားမှု နည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်းပညာသာ တတ်မြောက်ကြပါသည်။ အထက်တန်း တက္ကသိုလ် ပညာတတ်မြောက်သူ အနည်းငယ်ရှိပါသည်။ ကျောင်းအဆောက်အဦ မှာ နှစ်အ တော်ကြာပြီဖြစ်၍ မိုးရာသီတွင် မိုးယိုစိမ့်မှု ရှိပါသည်။ ကျောင်းသား/သူများ ပညာရေးကို စိတ်ဝင်စားစေရန် အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ရန်လည်းလိုအပ်နေပါသည်။ ကျောင်းပရိဘောဂများ အားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု အားနည်းနေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ငွေတောင်ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ကျေးရွာသူ/သားများ ကြီးကြီးမားမားရောဂါဖြစ်ပွားပါက ကျေးရွာနှင့် (၁၃)မိုင် ကွာဝေးသော ရွာငံမြို့နယ်ဆေးရုံသို့ သွားရောက်ကြပါသည်။

ကျေးရွာတွင်သောက်သုံးရန်အတွက် သဘာဝသစ်တောများမှ ရေကို စိမ့်စမ်းရေ သွယ်ယူ၍ အသုံးပြုကြပါသည်။

ငွေတောင်ကျေးရွာတွင် ရွာလုံးကျွတ် ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။ ကျန်းမာရေး အတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာလူထုအား ကျန်းမာရေးဟော ပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိနေကြပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ငွေတောင်ကျေးရွာတွင် ယခုလက်ရှိ အချိန်ထိ သဘာဝဘေး အန္တရာယ်ကြီးမားစွာ ကျရောက်မှု မရှိပါ။ဘေးအန္တရာယ်ကျရောက်လာပါက ကာကွယ်ရန် နည်းလမ်းများ တတ်မြောက်မှု အားနည်းလျက် ရှိပါသည်။ သို့သော်လည်း တောင်တန်းဒေသဖြစ်သဖြင့် လေတိုက်မှု အန္တရာယ်ကို စိုးရိမ်နေရပါသည်။ ဘေးအန္တရာယ်ကျရောက်လာပါကလည်း ကာကွယ်ရန်နည်းလမ်းများ လည်းမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော ပညာရေးဟောပြောပွဲများ လုပ်ပေးရန် လိုအပ်နေပါသည်။ သို့မှသာလျှင် ကျေးရွာသူ/သားများ အနေဖြင့် ကောင်းကျိုး/ဆိုးကျိုးများ ခွဲခြား လာနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင် လာမည် ဖြစ်ပါသည်။

၉။ ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ

ငွေတောင်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေ နှင့် အမျိုးသားဦးရေမှာ တန်းတူညီ မျှမှုရှိပါသည်။ ကျေးရွာအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်လာမှုရှိလာပါသည်။ ကျေးရွာအုပ်ချုပ်ရေးကိစ္စရပ်များတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း သာရေးနာရေးလုပ်ငန်းများတွင်လည်း အမျိုးသား/အမျိုးသမီးများ၏ ပါဝင်မှု အားကောင်းပြီး စိတ်ဓါတ်စွမ်းရည်ကို မြှင့်တင်ပေး၍ ကျေးရွာရှိ စီးပွားရေး/ လူမှုရေး/ အုပ်ချုပ်ရေး စသည့်တို့တွင် ပါဝင်လာစေရန်အတွက် ပညာရေး ဟောပြောပွဲများ ပြုလုပ်၍ အမျိုးသား/အမျိုးသမီးများ ပါဝင်အောင်စည်းရုံးလုပ်ဆောင်ရန် လိုအပ်နေပါသည်။

၁၀။ ငွေတောင်ကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ နောက်ဆက်တွဲ(၁)

ကျေးရွာအုပ်စုအမည်- သိမ်ကုန်းကျေးရွာအုပ်စု ကျေးရွာအမည်- ငွေတောင်ကျေးရွာ

စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	ဖွံ့ဖြိုးရေး	ကွန်ကရစ်လမ်းခင်းရန် လိုအပ်ခြင်း	ကွန်ကရစ်လမ်းခင်းခြင်း	
၂။	ငွေကြေး	မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိလိုခြင်း	မြစိမ်းရောင်ကျေးရွာစီမံကိန်း	
၃။	ဖွံ့ဖြိုးရေး	ရေလှောင်ကန် ရရှိလိုခြင်း	ရေလှောင်ကန် တည်ဆောက်ခြင်း	
၄။	ဖွံ့ဖြိုးရေး	ဘက်စုံသုံးခန်းမ ရရှိလိုခြင်း	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	
၅။	ပညာရေး	ကျောင်းပြင်ပပညာရေး	မူကြိုကျောင်းဝန်းအုတ်တံတိုင်းကာရန်ခြင်း	

ငွေတောင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များစာရင်း နောက်ဆက်တွဲ(၂)

စဉ်	အမည်	ရာထူး	မှတ်ပုံတင်အမှတ်	ဖုန်းနံပါတ်	မှတ်ချက်
၁။	ဦးကျော်မောင်	ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၁၄၆၆၈	၀၉-၈၉၇၈၆၄၄၂၂	
၂။	ဦးကျော်ထွေး	အတွင်းရေးမှူး	၁၃/ရငန(နိုင်)၀၃၄၀၈၆	၀၉-၂၆၄၄၂၁၃၁၅	
၃။	ဦးမျိုးရွှေ	ဝယ်/ဆပ်ကော်မတီ ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၁၄၇၆၀	၀၉-၄၄၀၄၃၅၁၈၄	
၄။	ဦးခင်မောင်အေး	ဝယ်/ဆပ်ကော်မတီ ဘဏ္ဍာရေးမှူး	၁၃/ရငန(နိုင်)၀၃၂၁၄၉	၀၉-၂၆၈၉၂၈၄၇၂	
၅။	ဒေါ်နှင်းယု	ဝယ်/ဆပ်ကော်မတီ စာရင်းကိုင်	၁၃/ရငန(နိုင်)၀၅၁၀၇၂၁	၀၉-၈၉၅၅၅၁၈၄၃	
၆။	ဒေါ်ဝေ	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၁၄၆၅၁	၀၉-၈၉၀၄၅၄၄၄၆	
၇။	ဒေါ်ခင်ရွှေဦး	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၄၅၃၃၂၉	၀၉-၂၆၈၇၆၀၀၁၂	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(ငွေတောင်ကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ရွာတွင်းသွားလာမှု ခက်ခဲခြင်း	မြေသားလမ်းဖြစ်ခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကွန်ကရစ်လမ်းခင်းခြင်း
၂။	လုပ်ကိုင်ရင်းနှီးရန်အတွက် ငွေကြေးခက်ခဲခြင်း	ပြင်ပမှ ငွေကြေးချေးယူနေရခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	မြစိမ်းရောင်ကျေးရွာစီမံကိန်း
၃။	ကျေးရွာတွင်း နွေရာသီတွင် ရေအနည်းငယ် ခက်ခဲခြင်း	သောက်သုံးရေ ဖူလုံမှု အားနည်းခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ရေလှောင်ကန် တည်ဆောက်ခြင်း
၄။	အစည်းအဝေးများ ပြုလုပ်ရန် ခက်ခဲခြင်း	တွေ့ဆုံပွဲများ အစည်းအဝေးပွဲများ ကျင်းပရန် ခက်ခဲခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း
၅။	ကျွဲနွားများ ဝင်ရောင်ခြင်းကြောင့် ကျောင်းတွင်းလုံခြုံမှု အားနည်းခြင်း	ကျောင်းတွင်း လုံခြုံမှု မရှိခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	မူကြိုကျောင်းဝန်းအုတ်တံတိုင်းကာရန်ခြင်း

ငွေတောင်ကျေးရွာနှင့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းလျာထားချက်

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇
၁။	ကွန်ကရစ်လမ်းခင်းခြင်း	၁	၂				
၂။	မြစိမ်းရောင်ကျေးရွာစီမံကိန်း	၂		၂			
၃။	ရေလှောင်ကန် တည်ဆောက်ခြင်း	၃			၂		
၄။	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၄				၂	
၅။	မူကြိုကျောင်းဝန်းအုတ်တံတိုင်းကာရန်ခြင်း	၅					၂